“အကယ်၍ ရေသည် 'ကုလ်လသိုင်းန်' (ခွက်ကြီးနှစ်လုံး)
ပမာဏရှိပါက ထိုရေသည် မစင်ကြယ်မှု(အညစ်အကြေး)ကို
သယ်ဆောင်လာသည်ဟု မယူဆရ။” (တစ်နည်း ညစ်ညမ်းသည်ဟု
မယူဆရပေ။)
အဗ်ဒုလ္လာဟ် ဗင်န် အုမရ် (ရဿွိယဘယလ္လာဟု အန်ဟုမာ) ကဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အား
တိရစ္ဆာန်များနှင့် သားရဲတိရစ္ဆာန်များ သောက်သုံးရန် လာရောက်လေ့ရှိသော
ရေနှင့်ပတ်သတ်၍ လျှောက်ထားမေးမြန်းခဲ့ရာ၊ တမန်တော်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ဤသို့ မိန့်ကြားတော်မူသည်- “အကယ်၍ ရေသည်
'ကုလ်လသိုင်းန်' (ခွက်ကြီးနှစ်လုံး) ပမာဏရှိပါက ထိုရေသည်
မစင်ကြယ်မှု(အညစ်အကြေး)ကို သယ်ဆောင်လာသည်ဟု မယူဆရ။” (တစ်နည်း ညစ်ညမ်းသည်ဟု
မယူဆရပေ။)
[صحيح] [رواه أبو داود والترمذي والنسائي وابن ماجه وأحمد]
တမန်‌တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အား တိရစ္ဆာန်များနှင့်
သားရဲတိရစ္ဆာန်များ လာရောက်သောက်သုံးလေ့ရှိသော ရေ၏ သန့်ရှင်းစင်ကြယ်မှုနှင့်
ပတ်သတ်၍ မည်သို့ အမိန့်ရှိသည်ကိုလျှောက်ထားမေးမြန်းရာ၊ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ- အကယ်၍ ရေပမာဏသည်
'ကုလ်လသိုင်းန်' (ခွက်ကြီးနှစ်လုံး) စာ၊ (ခန့်မှန်းခြေအားဖြင့်) လီတာ ၂၁၀ ခန့်ရှိပါက၊
ထိုရေသည် ပမာဏများပြားသော ရေဖြစ်သဖြင့် အညစ်အကြေး တစ်စုံတစ်ရာကြောင့် ၎င်း၏ သွင်ပြင်
လက္ခဏာသုံးရပ် (အရောင်၊ အရသာ နှင့် အနံ့) တွင် တစ်ခုခု ပြောင်းလဲမှုမရှိသမျှ
ကာလပတ်လုံး မသန့်မဖြစ်ပေ။
https://www.sunnah.global/hadeeth/my/show/8357